# ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံအခြေအနေနှင့် တရုတ်–မြန်မာဆက်ဆံရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကျင်းပ

၂၀၁၅ခုနှစ် ဒီဇင်ဘာ၂၆ရက်တွင် ယူနန်တက္ကသိုလ်သည် ၂၀၁၅ခုနှစ် မြန်မာနိုင်ငံအခြေအနေနှင့်တရုတ်-မြန်မာဆက်ဆံရေးဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို ကူမင်းမြို့၌ကျင်းပခဲ့သည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ ပြည်တွင်းရှိသုတေသနဌာနပေါင်း(၂၀)ကျော်မှ မြန်မာနိုင်ငံရေးရာပါရဂူပညာရှင်များ၊ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံလျက်ရှိနေသောစီးပွားရေးလုပ်ငန်းများမှ ကိုယ်စားလှယ်များက "၂၀၁၅ ခုနှစ် မြန်မာနိုင်ငံရွေးကောက်ပွဲနှင့် ရွေးကောက်ပွဲအပြီးမြန်မာနိုင်ငံအခြေအနေ"၊"နိုင်ငံကြီးများက မြန်မာနိုင်ငံရွေးကောက်ပွဲအပေါ်တုံ့ပြန်မှုများ"၊ "မြန်မာနိုင်ငံရွေးကောက်ပွဲနှင့်တရုတ်-မြန်မာဆက်ဆံရေး"စသည့်ကြီးလေးလှသောခေါင်းစဉ်များဖြင့် တင်ပြဆွေးနွေးခဲ့ပြီး မြန်မာနိုင်ငံအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အာဏာရပြီးသည့်နောက် တရုတ်-မြန်မာနှစ်နိုင်ငံအကြား နိုင်ငံရေးအရ မည်သို့ပင်ဆတက်ထမ်းပိုး အပြန်အလှန်ယုံကြည်စေရန်၊ စီးပွားရေး၊ လူမှုရေးယဉ်ကျေးမှုစသည့်နယ်ပယ်များအရ မည်သို့ပင်ပူးပေါင်းဆောင်ရွက်သွားရန်စသည်များနှင့်ပတ်သက်ပြီး အကြံပြုချက်များတင်ပြခဲ့ကြသည်။

စုံစမ်းမေးမြန်းခြင်းအရ ယူနန်တက္ကသိုလ်သည် မြန်မာနိုင်ငံရေးရာသုတေသနစင်တာကို ၂၀၁၁ ခုနှစ်က ထူထောင်ပြီးသည့်နောက် မြန်မာနိုင်ငံဆိုင်ရာအခြေအနေဝေဖန်စိတ်ဖြာပွဲများကိုနှစ်စဉ် ကျင်းပခဲ့ပြီး မြန်မာနိုင်ငံအခြေအနေဆိုင်ရာ အစီရင်ခံစာကိုလည်းထုတ်ဝေခဲ့ကြောင်း၊ မကြာသေးမီတွင် ယူနန်တက္ကသိုလ်မြန်မာနိုင်ငံသုတေသနစင်တာကို ယူနန်တက္ကသိုလ်မြန်မာနိုင်ငံသုတေသနအကယ်ဒမီသို့ တရားဝင်အဆင့်မြှင့်တင်ပေးခဲ့ကြောင်း၊ ထိုသို့အတိုင်းအတာတိုးချဲ့ပြီး ဘာသာရပ်အရည်အချင်းမြှင့်တင်လာသည်နှင့်အမျှ အဆိုပါအဖွဲ့အစည်းသည်လည်း လက်ရှိတွင် တစ်ကမ္ဘာလုံး၌ တစ်ခုတည်းသောမြန်မာနိုင်ငံရေးရာ သုတေသနအကယ်ဒမီဖြစ်လာနေပြီးဖြစ်ကြောင်းသိရသည်။

သတင်းထောက် - ကျိကျိန်း

# တရုတ်–လာအို–မြန်မာ–ထိုင်း(၄)နိုင်ငံမဲခေါင်မြစ်ပူးတွဲကင်းလှည့် ဥပဒေကျင့်သုံးရေးဆောင်ရွက်မှုသည် သိသာထင်ရှားစွာအောင်မြင်နိုင်ခဲ့

တရုတ်-လာအို-မြန်မာ-ထိုင်း(၄)နိုင်ငံတို့၏ (၄၁)ကြိမ်မြောက်မဲခေါင်မြစ်ပူးတွဲကင်းလှည့်ဥပဒေကျင့်သုံးရေးအတွက်ဆောင်ရွက်ကြသည့်ရဲတပ်ဖွဲ့ဝင်အယောက်(၁၇၀)ကျော်တို့သည် မကြာမီယူနန်ပြည်နယ်စစ်ဆောင်ပန်နားကွမ်းလေဆိပ်ကမ်းသို့ လုံခြုံဘေးကင်းစွာ ဆိုက်ကပ်၍ ယခုအကြိမ်ကင်းလှည့်ဥပဒေကျင့်သုံးရေးတာဝန်ကို အောင်မြင်စွာပြီးစီးနိုင်ခဲ့ပြီး(၄)နှစ်ကြာ မဲခေါင်မြစ်ပူးတွဲကင်းလှည့်ဥပဒေကျင့်သုံးရေးဆောင်ရွက်မှုတာဝန်လည်း အောင်မြင်စွာ ပြီးဆုံးသွားသည်ဟုလက္ခဏာဆောင်လိုက်သည်။

《တရုတ်နယ်ခြားစောင့်ရဲတပ်ဖွဲ့သတင်းစာ》၏သတင်းအရ ယခုအကြိမ်ပူးတွဲကင်းလှည့် တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း တရုတ်-လာအို-မြန်မာ-ထိုင်းနိုင်ငံတို့သည် စုစုပေါင်းကင်းလှည့်ရေယဉ်(၁၀)စင်းဖြင့် ကင်းလှည့်ရေးတပ်ဖွဲ့ဖွဲ့စည်းထားကြောင်း၊ (၄)နိုင်ငံတို့သည် ကွပ်ကဲမှုနှင့်ဆက်သွယ်ရေးအရာရှိများကိုစေလွှတ်၍ တရုတ်ကွပ်ကဲရေးရေယာဉ်ပေါ်သို့ လာရောက်ပူးတွဲကွပ်ကဲခဲ့ကြပြီး ပူးတွဲကင်းလှည့်ရေး လှုပ်ရှားမှုအတွက် လေးရက်သုံးညကြာ ဆောင်ရွက်ခဲ့ကြောင်း၊ ကင်းလှည့်ရေးတပ်ဖွဲ့သည် ရွှေတြိဂံမြစ်ဝှမ်းတစ်လျှောက်တွင် ပူးတွဲတရားဝင်စစ်ဆေးခြင်း၊ ပူးတွဲကွင်းဆင်းမေးမြန်းခြင်း၊ မူးယစ်ဆေးတားမြစ်ရန်ပညာပေးခြင်းနှင့်ယဉ်ကျေးမှုဖလှယ်ခြင်းစသည့်လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ မဲခေါင်မြစ်ဝှမ်းဒေသအတွင်း မူးယစ်ဆေးဝါးရောင်းချမှု၊ လက်နက်ရောင်းချမှု၊ မှောင်ခိုမှု၊ တရားမဝင်ရွှေ့ပြောင်းနေထိုင်မှု၊ လူကုန်ကူးမှုစသည့်နယ်စပ်ဖြတ်ကျော် ကျူးလွန်မှုများကိုအားထုတ် တိုက်ခိုက်နိုင်ခဲ့ကြောင်း၊ ပူးတွဲကင်းလှည့်နေစဉ်အတွင်း တရုတ်-လာအို-မြန်မာ-ထိုင်း(၄)ဖက်တို့သည် လာအိုနိုင်ငံ မိုင်းမောက်ဆက်သွယ်ရေးစခန်းတွင် ဘက်ပေါင်းစုံသတင်းအချက်အလက်ဖလှယ်ပွဲကျင်းပခဲ့ပြီး မဲခေါင်မြစ်ဝှမ်းဒေသ၏လက်ရှိလုံခြုံရေးအခြေအနေကို အပြန်အလှန် ဖလှယ်ခဲ့ကာပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုရင်းနှီးစေရန်၊ ပိုမိုပူးတွဲလှုပ်ရှားဆောင်ရွက်နိုင်ရန်အတွက် သဘောတူညီချက်များ ရရှိခဲ့ကြောင်း၊ ကင်းလှည့်ရေးတပ်ဖွဲ့တို့သည် ဘေးအန္တရာယ်ကြီးလှသော သောင်ပြင်၊ အစီးသန်သောရေစီးကြောင်း၊ နေ့ခင်းညခင်း အပူဒီဂရီများစွာကွာခြားခြင်း၊ မြူခိုးများဖုံးအုပ်ခြင်း စသည့်အခက်အခဲများကို ကျော်လွှားပြီး တရုတ်နိုင်ငံကွမ်းလေဆိပ်ကမ်းမှအစ မြန်မာ-လာအို-ထိုင်း(၃)နိုင်ငံနယ်စပ်ချင်းထိစပ်ရာနေရာဖြစ်သည့်ရွှေတြိဂံမြစ်ဝှမ်းဒေသအထိ ပူးတွဲကင်းလှည့်ဥပဒေကျင့်သုံးရေးကို ဆောင်ရွက်ခဲ့ကြောင်း၊ ခရီးအရှည်မှာ(၅၁၂)ကီလိုမီတာရှိပြီး ရေယဉ်ပေါင်း(၇)စင်း၊ လူပေါင်း(၄၃)ဦးကို စစ်ဆေး၍ ကုန်ပစ္စည်းတန်ချိန်(၈၆၀)တန်၊ သင်္ဘောသားနှင့်ပြည်သူလူထုဦးရေပေါင်း(၄၆)ဦးကို ကွင်းဆင်းမေးမြန်းခဲ့ကြောင်း ထည့်သွင်းဖော်ပြခဲ့ကြောင်း သိရှိရသည်။





ပူးတွဲကင်းလှည့်နေသည်ကိုတွေ့ရစဉ်

တရုတ်-လာအို-မြန်မာ-ထိုင်းမဲခေါင်မြစ်ပူးတွဲကင်းလှည့်ဥပဒေကျင့်သုံးရေးဆောင်ရွက်မှုကို ၂၀၁၁ခုနှစ်ဒီဇင်ဘာ ၁၀ရက်တွင် တရားဝင်စတင်ခဲ့ခြင်းဖြစ်သည်။ (၄)နှစ်ကြာကာလအတွင်း ပူးတွဲကင်းလှည့်ဥပဒေကျင့်သုံးရေးဆောင်ရွက်မှုကို စုစုပေါင်း(၄၁)ကြိမ် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည်။ တရုတ်နိုင်ငံမှ ပတ်ဝန်းကျင်နိုင်ငံများနှင့် ပူးပေါင်း၍ ဥပဒေကျင့်သုံးရေး ဆောင်ရွက်မှု၏စံပြဖြစ်လာတော့သည်။ စာရင်းများအရ (၄)နိုင်ငံတို့သည် ဥပဒေကျင့်သုံးရေး ဆောင်ရွက်မှုဝန်ထမ်း(၆၂၁၂)ဦး/ကြိမ်၊ ဥပဒေကျင့်သုံးရေး ဆောင်ရွက်မှုရေယာဉ်(၃၀၃)စင်းတို့ကို စေလွှတ်၍ရွှေတြိဂံမြစ်ဝှမ်းဒေသအတွင်းပူးတွဲစစ်ဆေးရေးလုပ်ငန်း (၃၈)ကြိမ်ဆောင်ရွက်ခဲ့ပြီး ရေယာဉ်ပေါင်း(၆၄၄)စင်း၊ လူပေါင်း(၂၈၃၅)ဦး၊ ကုန်ပစ္စည်းတန်ချိန်ပေါင်း(၄.၄)သောင်းကို စစ်ဆေးခဲ့ကာ စီးပွားရေးရေယဉ်ပေါင်း(၁၃၅)စင်းကို ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ မဲခေါင်မြစ်ဝှမ်းတစ်လျှောက် မူးယစ်ဆေးဝါးရောင်းချမှု၊ လက်နက်ရောင်းချမှု၊ မှောင်ခိုမှု၊ တရားမဝင်ရွှေ့ပြောင်းနေထိုင်မှု စသည့်နိုင်ငံဖြတ်ကျော်ကျူးလွန်မှုများကို ထိရောက်စွာတိုက်ခိုက်နိုင်ခဲ့ပြီး မဲခေါင်မြစ်ဝှမ်းဒေသရေကြောင်းလုံခြုံရေးကို ကာကွယ်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။ လက်ရှိတွင် မဲခေါင်မြစ်ပူးတွဲကင်းလှည့်ဥပဒေကျင့်သုံးရေးဆောင်ရွက်မှုကို တစ်လတစ်ကြိမ် ပုံမှန်ဆောင်ရွက်နိုင်ခဲ့ပြီး မဲခေါင်မြစ်ဝှမ်းဒေသ၏ လုံခြုံရေးနှင့်တည်ငြိမ်ရေးကို ထိရောက်စွာထိန်းသိမ်းနိုင်ခဲ့သည်။

သတင်းထောက် - ယန်ရှီး



ရွှေလီနယ်စပ်ဂိတ်ကို တွေ့ရစဉ်။

# ရွှေလီနယ်စပ်ဂိတ်မှ ဖြတ်သန်းသူဦးရေသည် ၁၅ သန်းရှိခဲ့

ရွှေလီနိုင်ငံတော်အလေးပေးဖွံ့ဖြိုးမှုစမ်းသပ်ဇုန်အရှိန်အဟုန်ဖြင့် တည်ဆောက်လာသည်နှင့်အမျှ တရုတ်-မြန်မာနှစ်နိုင်ငံရှိ နယ်စပ်သူနယ်စပ်သားများ၏ကုန်စည်ဖလှယ်မှုသည် တနေ့တခြား တိုးတက်လာလျက်ရှိနေသည်။ ယမန်နေ့အထိ ရွှေလီနယ်စပ်ဂိတ်ကိုဖြတ်သန်းခဲ့သူဦးရေမှာ (၁၅)သန်းအထိ ထိုးဖောက်ခဲ့ပြီး နယ်စပ်ဂိတ်ကိုဖြတ်သန်းသွားလာခဲ့သည့်ယာဉ်ရထားများမှာ အစီး/အကြိမ်ပေါင်း(၂.၅)သန်းအထိ ရှိခဲ့ပြီးဖြစ်သည်။ ယမန်နှစ် အလားတူကာလကထက် ၆.၄ရာခိုင်နှုန်းနှင့်၃.၄ ရာခိုင်နှုန်းတိုးတက်လာပြီး စံချိန်သစ်တင်နိုင်ခဲ့သည်။

သတင်းထောက် - ဟော်ရှင်းယို့

ပိုမိုများပြားသော
သတင်းအချက်အလက်များကို
သိလိုလျှင် ယူနန်အမြန်သတင်းစဉ်
ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn

# ယူနန်ဖြာထွက်မှုစင်တာတည်ဆောက်ရေး အကျိုးဖြစ်ထွန်းမှုပဏာမအားဖြင့် ပေါ်လွင်လာနေ

သတင်းထောက်သည် ယခုရက်ပိုင်းက ပေကျင်းမြို့၌ကျင်းပသော တရုတ်အနောက်တောင်ပိုင်းသို့ မျက်နှာမူတံခါးဖွင့်ရန်အရေးကြီးပေါင်းကူးတံတား(ဖြာထွက်မှုစင်တာ) တည်ဆောက်ရေးဆိုင်ရာ(၄)ကြိမ်မြောက်ဝန်ကြီးဌာနများပူးတွဲအစည်းအဝေးမှရရှိသော သတင်းအရ (၄)နှစ်ကြာကြိုးစားမှုကြောင့် ပေါင်းကူးတံတား(ဖြာထွက်မှုစင်တာ)မှ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာအတွက် ဝန်ဆောင်မှုပေးရန်နှင့်ပေါင်းသွင်းရန်အခြေအနေကိုတစတစ ဖြစ်တည်လာပြီးဖြစ်ကြောင်း၊ တောင်အာရှ၊ အရှေ့တောင်အာရှသို့ မျက်နှာမူတံခါးဖွင့်သောအရေးကြီးပေါင်းကူးတံတား၏ စွမ်းဆောင်ချက်သည် အဆက်မပြတ်မြှင့်တင်လာနေပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်ဦးရွက်ပြုသည့် မဟာဗျူဟာမြောက် အကျိုးဖြစ်ထွန်းမှုလည်း တစ်နေ့တစ်ခြားပေါ်လွင်လာနေကြောင်း သိရသည်။


၂၀၁၁ခုနှစ် ယူနန်ပေါင်းကူးတံတား တည်ဆောက်ရေးလုပ်ငန်း စတင်အကောင်အထည်ဖော်ဆောင်လာသည့် အချိန်မှစ၍ တရုတ်အစိုးရမှဝန်ကြီးဌာန(ကော်မတီ)များ၊ ငွေကြေးအဖွဲ့အစည်းနှင့် ဗဟိုပိုင်စီးပွားရေးလုပ်ငန်းများ၏ အားပေးထောက်ခံမှုအောက်တွင် ယူနန်ပြည်နယ်သည် ပြည်တွင်းပြည်ပနှင့်ဆက်သွယ်သော လမ်းပန်းဆက်သွယ်ရေး၊ စွမ်းအင်၊ နိုင်ငံတကာဆက်သွယ်ရေးလမ်းမ တည်ဆောက်ရေးစသည့် လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည်။ ဝိသေသထူးခြားချက်ပါပြီး အားသာချက်နှင့်ပြည့်စုံသော ကုန်ထုတ်လုပ်ငန်းများကိုအားသွန်ခွန်စိုက် ပြုစုပျိုးထောင်ခဲ့သည်။ လူမှုရေးလုပ်ငန်းတည်ဆောက်ရေးနှင့်လူနေမှုဘဝကောင်းမွန်စေရေးလုပ်ငန်းများကိုကြိုးစားပမ်းစားဆောင်ရွက်ပေးခဲ့သည်။ မဟာမဲခေါင်ဒေသခွဲပူးပေါင်းဆောင်ရွက်ရေးနှင့်ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးစသည့် လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်နိုင်ခဲ့သည်။ ပြည်တွင်းမှ ညီအစ်ကို ပြည်နယ်(မြို့၊ ဒေသ)များနှင့် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ကြ၍ တိုးချဲ့တံခါးဖွင့်ခြင်းဖြင့် ဆန်းသစ်တီထွင်စေသည်၊ ပြုပြင်ပြောင်းလဲစေသည်၊ ဖွံ့ဖြိုးတိုးတက်စေသည်။ ပေါင်းကူးတံတား (ဖြာထွက်မှုစင်တာ)တည်ဆောက်ရေးလုပ်ငန်း၏ လက်တွေ့ကျကျအကောင်အထည်ဖော်ဆောင်နိုင်ခြင်းသည် ယူနန်ပြည်နယ်၏ လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုပေးခဲ့သည်။

ပေါင်းကူးတံတား (ဖြာထွက်မှုစင်တာ) တည်ဆောက်နေစဉ်အတွင်း ယူနန်ပြည်နယ်အနေနှင့် "တစ်ဇုန်တစ်လမ်း"မဟာဗျူဟာ၊ ယန်စီမြစ်စီးပွားရေးရပ်ဝန်းစသည့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာစီမံကိန်းများထဲ လက်ဦးမှုရှိရှိနှင့် ဝန်ဆောင်မှုပေးပြီးပေါင်းသွင်းနိုင်ခဲ့သည်။

ယူနန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်သစ်အတိုင်း ကူမင်း-ပေါင်စန်း-မန်စီ-ရွှေလီ တံခါးဖွင့်စီးပွားရေးရပ်ဝန်းနှင့် လန်ချန်းမြစ်တံခါးဖွင့်ဖွံ့ဖြိုးမှုစီးပွားရေးရပ်ဝန်း တည်ဆောက်ရေးစီမံကိန်းများကိုရေးဆွဲ၍ တည်ဆောက်နိုင်ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေးစင်္ကြံနှင့် တရုတ်-အင်ဒိုချိုင်းနားကျွန်းဆွယ်စီးပွားရေးစင်္ကြံ ပြည်တွင်းပိုင်းလုပ်ငန်းများကို ဦးစွာဆောင်ရွက်နိုင်ခဲ့သည်။ ကျင်းဆားမြစ်ပြည်တွင်းတံခါးဖွင့်ပူးပေါင်းဆောင်ရွက်မှု စီးပွားရေးဇုန်ကို စီမံ၍ပျိုးထောင်နိုင်ခဲ့သည်။ ယူနန်အလယ်ပိုင်းဒေသမြို့ပြစီးပွားရေးရပ်ဝန်းအသိုက်အဝန်းကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်နိုင်ခဲ့သည်။ နယ်စပ်တံခါးဖွင့်စီးပွားရေးရပ်ဝန်းကို တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့သည်။ ပေါင်းကူးတံတား(ဖြာထွက်မှုစင်တာ)တည်ဆောက်ရေး၏ အနှစ်သာရများလည်း အဆက်မပြတ်ကြွယ်ဝ၊ အသွင်သဏ္ဌာန်လည်း အဆက်မပြတ် တိုးချဲ့နိုင်ခဲ့သည်။ ယူနန်ကို အရေးပါသည့်ဗဟိုချက်မအဖြစ်ထားပြီး တရုတ်ကုန်းတွင်းပိုင်းမှ တောင်အာရှ၊ အရှေ့တောင်အာရှတို့နှင့် ဆက်သွယ်၍ ပြည်တွင်းပြည်ပအပြန်အလှန်အထောက်အကူပြု၊ အပြန်အလှန်ဖွံ့ဖြိုးတိုးတက်စေသည့်မဟာဗျူဟာအခြေအနေသည် တစတစ ဖြစ်တည်လာပြီးဖြစ်သည်။

တရုတ်အနောက်တောင်ပိုင်းသို့ မျက်နှာမူသောအရေးကြီးတံခါးပေါက်တည်ဆောက်ရေးလုပ်ငန်းဘက်တွင် အာရှဒေသရထားလမ်းတည်ဆောက်ရေးလုပ်ငန်းတစ်ရပ်လုံးမှာ အကောင်အထည်ဖော်ဆောင်နေပြီး ဖြစ်သည်။ တောင်မြောက်အမြန်ကားလမ်းစသည့်ပတ်ဝန်းကျင်ရှိပြည်နယ်များနှင့်ဆက်သွယ်ထားသော လမ်းမတည်ဆောက်ရေးလုပ်ငန်းများကို အောင်မြင်စွာ ဖော်ဆောင်နေဆဲဖြစ်သည်။ တရုတ်-မြန်မာကုန်းလမ်းဆောက်လုပ်ရေး၏အစပိုင်းလုပ်ငန်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေဆဲဖြစ်သည်။တရုတ်-မြန်မာသဘာဝဓာတ်ငွေ့ပိုက်လိုင်းလုပ်ငန်း တစ်ရပ်လုံးကို အောင်မြင်စွာ တည်ဆောက်ခဲ့ပြီးဖြစ်သည်။ တရုတ်နိုင်ငံနယ်စပ်ဒေသတံခါးဖွင့်စမ်းသပ်ဇုန်နှင့်တရုတ်အနောက်ပိုင်းဒေသ"အပြင်သို့ထွက်ခြင်း"မဟာဗျူဟာရှေ့ပြေးဇုန်တည်ဆောက်ရာတွင် ယူနန်အလယ်ပိုင်းဒေသ စီးပွားရေးဇုန်သစ်၊ လင်ချန်းနယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဇုန်နှင့်ရွှေလီ၊ မော်ဟန်းအလေးပေးတံခါးဖွင့်ဖွံ့ဖြိုးရေးစမ်းသပ်ဇုန်တို့ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်နေဆဲဖြစ်သည်။ ဟုန်ဟော်အထွေထွေ အခွန်ကာကွယ်ရေးဇုန်ကို ပုံမှန်လည်ပတ်နေဆဲဖြစ်သည်။ တရုတ်-ဗီယက်နမ်နှစ်နိုင်ငံမှ ဟော်ခို-လောင်ကိုင်နယ်စပ်ဖြတ်ကျော် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်၊ တရုတ်-လာအိုနှစ်နိုင်ငံမှ မော်ဟန်း-မော်တင်နယ်စပ်ဖြတ်ကျော်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန် တည်ဆောက်ရေးလုပ်ငန်းသည် အောင်မြင်မှုများစွာ ရရှိခဲ့ပြီးဖြစ်သည်။ ယူနန်နှင့်လာအိုမြောက်ပိုင်း၊ ဗီယက်နမ်မြောက်ပိုင်း၊ထိုင်းမြောက်ပိုင်းတို့အကြား ပူးပေါင်းဆောင်ရွက်ရေးစနစ်သည် တနေ့တခြား ရင့်ကျက်လာလျက်ရှိနေသည်။ (ယူနန်)ဝင်စန်း-(ကွမ်ရှီး)ပိုင်စဲ့တို့အကြား ပြည်နယ်ဖြတ်ကျော်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်တည်ဆောက်ရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်ဆောင်ခဲ့ပြီးဖြစ်သည်။ ကျူးကျန်းမြစ်-ရှီးကျန်းမြစ်စီးပွားရေးရပ်ဝန်းတည်ဆောက်ရေးလုပ်ငန်းထဲသို့ တက်ကြွစွာပါဝင်ခဲ့ပြီး ပြည်တွင်းမှပြည်နယ်(မြို့၊ ဒေသ)များနှင့် အဆက်မပြတ်ပူးပေါင်းဆောင်ရွက်ခဲ့သည်။ ကုန်ထုတ်လုပ်ငန်းဘက်တွင် "ကုန်ထုတ်လုပ်ငန်းတည်ဆောက်ရေးနှစ်" (၃)နှစ် စီမံကိန်းကို နက်ရှိုင်းစွာ အကောင်အထည်ဖော်ဆောင်ခဲ့သည်။ စက်မှုလုပ်ငန်းအသွင်ကူးပြောင်းခြင်းနှင့်အဆင့်မြှင့်တင်ခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့သည်။ ရေနံဓာတု အချောကိုင်လုပ်ငန်း၊ ရေလိုက်လျှပ်လိုက် အလူမီနီယံလုပ်ငန်း၊ မော်တော်ကားနှင့် မဟာဗျူဟာမြောက်ကုန်ထုတ်လုပ်ငန်းသစ်များအတွက် စီမံကိန်းရေးဆွဲခဲ့သည်။ တရုတ်အရှေ့အလယ်ပိုင်းမှကုန်ထုတ်လုပ်ငန်းများရွှေ့ပြောင်းလာခြင်းကို တက်ကြွစွာလက်ခံဆောင်ရွက်ခဲ့သည်။ တရုတ်အနောက်ပိုင်းဒေသမှ အရေးပါသောပြင်ပသို့မျက်နှာမူသည့် ဝိသေသထူးခြားချက်ပါကုန်ထုတ်လုပ်ငန်းစခန်းကို အားသွန်ခွန်စိုက်တည်ဆောက်ခဲ့သည်။

ပေါင်းကူးတံတား (ဖြာထွက်မှုစင်တာ)တည်ဆောက်ရေးလုပ်ငန်းအကောင်အထည်ဖော်လာနှင့်အမျှ ယူနန်၏တရုတ်တံခါးဖွင့်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတစ်ရပ်လုံးတွင် ပါဝင်နိုင်သည့် အရေးပါအဆင့်အတန်းမှာ အဆက်မပြတ်မြှင့်တင်လျက်ရှိနေသည်။ အခြေခံအဆောက်အအုံတည်ဆောက်ရေး၊ ကုန်ထုတ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးညီစင်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ငွေကြေးလုပ်ငန်း စသည့်ဘက်များတွင် တရုတ်အစိုးရမှ ဝန်ကြီးဌာန(ကော်မတီ)များ၏ ဦးစားပေးထောက်ခံမှုများရရှိခဲ့သည်။ လူမှုအဖွဲ့အစည်းအသီးသီးတို့သည် ယူနန်၏ဖွံ့ဖြိုးတိုးတက်ရေးအလားအလာအတွက် ကောင်းမွန်စွာမျှော်မှန်းနေကြသည်။ ရင်းနှီးမြှုပ်နှံမှုခေါ်ယူရေးလုပ်ငန်းကို အဆက်မပြတ်အကောင်အထည် ဖော်ဆောင်လျက်ရှိသည်။ ပေါင်းကူးတံတား (ဖြာထွက်မှုစင်တာ) တည်ဆောက်ခြင်းဖြင့် လူမှုစီး




ပွားဖွံ့ဖြိုးတိုးတက်စေသော မဟာဗျူဟာမြောက်အကျိုးဖြစ်ထွန်းမှုသည် တစ်နေ့တစ်ခြား ပေါ်လွင်လာနေသည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ယူနန်ပြည်နယ်၏ ပြည်တွင်းကုန်ထုတ်တန်ဖိုးတိုးတက်မှုနှုန်းမှာ ၁၃.၇ ရာခိုင်နှုန်း၊ ၁၃ ရာခိုင်နှုန်း၊ ၁၂.၁ ရာခိုင်နှုန်း၊ ၈.၁ ရာခိုင်နှုန်း အသီးသီးတိုးတက်ခဲ့ပြီး တစ်ပြည်လုံးပျမ်းမျှတိုးတက်မှုနှုန်းထက်ပိုမြင့်သည်။ ၂၀၁၅ ခုနှစ်ပထမ၊ ဒုတိယနှင့် တတိယသုံးလပတ်ကာလအတွင်း ဒေသပြည်တွင်းကုန်ထုတ်တန်ဖိုး၊ ပုံသေရင်းနှီးမြှုပ်နှံမှုပမာဏ၊ တစ်ပြည်လုံးစားသုံးကုန်လက်လီရောင်းချမှုစုစုပေါင်းပမာဏ၊ မြို့ပြသား၊ ကျေးလက်သားတို့၏ပျမ်းမျှဝင်ငွေစသည့် လျာထားချက်များသည်ခြေလှမ်းမှန်မှန်တိုးတက်နိုင်ခဲ့သည်။

သတင်းထောက် - ချင်ရှောက်ပေါ်



## ယွမ်ငွေ သန်းပေါင်းရာနှင့်ချီသော အထီးကျန်အဖိုးတန်ပစ္စည်းများကို ယူနန်၌ ပြသ

ဇန်နဝါရီ ၇ ရက်တွင် ၂၀၁၆ ခုနှစ် တရုတ်ကူမင်း ထားသိုပစ္စည်းများပြပွဲကို ကူမင်းမြို့၌ ဖွင့်လှစ်ခဲ့သည်။ ကျီချင့်ယိုယွိခေါ် ဆေးသုတ်သောချင်းဟွာပန်းအိုးပုလင်းအစုံ၊ တရုတ်ထန်မင်းဆက်မှ ရောင်စုံပန်းကွက်ကခြေသည် ရုပ်တုကြွေထည်လက်ရာ၊ အပြာရောင် ဒေါင်း၊ ငှက်၊ ပိုးစသည့် ရုပ်တုပါကြွေအိုးစသည့်ယွမ်ငွေသန်းပေါင်းရာနှင့်ချီသော အထီးကျန်အဖိုးတန်ပစ္စည်းများကိုပြသခဲ့သဖြင့် ထားသိုမှုဝါသနာအိုးများအား အံ့အားသင့်စေကြသည်။

# ကူမင်းမြို့ဟောင်းမှ ရိုးရာယဉ်ကျေးမှုသည် ခရီးသည်များကို ဆွဲဆောင်

၂၀၁၆ ခုနှစ်ဖြစ်သည့်နှစ်သစ်သို့ ဝင်ရောက်လာပြီးနောက် ကူမင်းမြို့ဟောင်း ရပ်ကွက်အနီးတစ်ဝိုက်တွင် အလွန်စည်ကားလျက်ရှိနေသည်။ ပြန်လည်ပြုပြင်ဆောက်လုပ်ပြီး ပြန်လည်ဖွင့်လှစ်ထားသော ယုံတောင်လမ်းရှိ ဝိသေသထူးခြားချက်ပါသောဈေးတန်းသည် ကြိတ်ကြိတ်တိုးစည်ကားလှပြီး ယူနန်ပြည်နယ်ထွက်ကုန်ပစ္စည်းများကို အမျိုးမျိုးအစုံစုံရောင်းချလျက်ရှိနေသည်။ မာမျိုးနွယ်ခြံဝန်းကြီးအတွင်း ကူမင်းမြို့ဟောင်းယဉ်ကျေးမှုနှင့် အနုပညာစင်တာကဖြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များပြပွဲ၊ ရိုးရာယူနန်ပြဇာတ် အိမ်ဝင်းတင်ဆက်ပွဲစသည့် ရိုးရာယဉ်ကျေးမှုအစီအစဉ်များကို စည်းရုံးကျင်းပခဲ့ပြီးမြို့သူမြို့သားများ လာရောက်ကြည့်ရှုလေ့လာရန် ဆွဲဆောင်နိုင်ခဲ့သည်။ ကူမင်းမှတ်တမ်းကို ဆက်ခံခြင်း၊ ကူမင်းပုံပြင်ကိုဖတ်ရှုခံစားခြင်းဖြင့် နှစ်သစ်ကူးကြသည့် ကူမင်းမြို့သူမြို့သားများအား ယဉ်ကျေးမှုရသကိုလည်း အပြည့်အဝခံစားစေနိုင်သည်။






# နီပေါခရီးသွားဈေးကွက် ယခင်အခြေအနေသို့ ဘက်စုံပြန်လည်ထူထောင်ခဲ့ပြီးဖြစ်

၂၀၁၅ခုနှစ် ဒီဇင်ဘာလဆန်းတွင် တရုတ်နိုင်ငံ ခရီးသွားအဖွဲ့သည် နီပေါနိုင်ငံရှိ ဖားထန်မြို့ဟောင်း၏တုဘာရင်ပြင်သို့ရောက်ရှိလာ၍ နီပေါနိုင်ငံခရီးသွားဌာနနှင့် ဒေသခံပြည်သူများက လှိုက်လှဲစွာ ကြိုဆိုခဲ့သည်။ ဤသည်ကား နီပေါနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ဧပြီလ ၂၅ရက်နေ့ ငလျင်ကြီးလှုပ်ခတ်ပြီးသည့်နောက် တရုတ်ဈေးကွက်သို့တရားဝင် ပြန်လည်ဖွင့်လှစ်ထားသည်ကို လက္ခဏာဆောင်လိုက်သည်။ ငလျင်လှုပ်ခတ်ပြီးနောက် ခရီးသွားဈေးကွက်သည် ယခင်အခြေအနေသို့ ဘက်စုံပြန်လည်ထူထောင်ပြီးဖြစ်သည်ဟု နီပေါနိုင်ငံခရီးသွားဦးစီးဌာနချုပ်မှ အင်စပက်တော်ချုပ် Sunil Sharma က ပြောကြားသည်။ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့အစည်းများ၏ကူညီမှုနှင့် ကြပ်မတ်မှုအောက်တွင် ခရီးသွားရှုခင်းသာဒေသနှင့် ခရီးသွားအဆောက်အဦအများစုသည် အလွန်လုံခြုံစိတ်ချရပြီး ခရီးသွားရန်သင့်တော်လှသည်။

“နီပေါနိုင်ငံက အဆင်သင့်ဖြစ်နေပါပြီ။ တရုတ်ခရီးသွားဧည့်သည်တော်များရဲ့အလာကို အချိန်မရွေးကြိုဆိုသွားပါမယ်”ဟု Sunil Sharma က ပြောသည်။


ခတ္တမန္ဒူချိုင့်ဝှမ်းဒေသတွင် ခရီးသွားများ ကြိတ်ကြိတ်တိုး စည်ကားနေပုံကို တွေ့ရစဉ်။

နီပေါနိုင်ငံခရီးသွားဦးစီးဌာနချုပ်၏မိတ်ဆက်ခြင်းအရ “နတ်ဈေး” ဖြင့် နာမည်ကျော်ကြားလာသော ခတ္တမန္ဒူချိုင့်ဝှမ်းရှိမြို့ဟောင်းသုံးမြို့မှ တစ်မြို့ဖြစ်သည့် ဖားထန်မြို့ဟောင်းသည် ငလျင်မလှုပ်မီကစည်ကားခဲ့ပုံသို့ တစတစပြန်ရောက်နေပြီးဖြစ်ကြောင်း၊ ၎င်းအပြင် နီပေါတစ်နိုင်ငံလုံးရှိ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်မှန်သမျှကိုလည်း ခရီးသည်များအတွက်ဖွင့်လှစ်ခဲ့ပြီး ခြေလျင်လျှောက်ခရီးစဉ်(၃၅)လမ်းအနက် ငလျင်ဒဏ်၏အထိခိုက်ခံခဲ့ရသော ခရီးစဉ်များမှာ(၂)လမ်းသာရှိခဲ့ကြောင်း၊ ခရီးသွားရာသီကျရောက်လာပြီးနောက် များသထက်များလာသော တောင်တက်အားကစားဝါသနာအိုးများသည်တောင်ပေါ်သို့ ပြန်လည်ရောက်ရှိလာကြပြီးဖြစ်ကြောင်း၊ အချို့သော ခရီးသွားအဆောက်အဦများကို ယခင်အဆောက်အဦ အခြေခံပေါ်တွင် အဆင့်မြှင့်တင်နိုင်ခဲ့ကြောင်း၊ ဥပမာ-ကမ္ဘာတွင် တတိယအမြင့်ဆုံးသော ဘိန့်ဂျီးခုန် “နောက်ဆုံးအောင်ပွဲရမြေ”တွင် စက်လှေကားများကို တိုးချဲ့တပ်ဆင်ထားခဲ့ကြောင်း၊ ဘိန့်ဂျီးခုန်ကြသည့် ခရီးသည်များအား နှလုံးသွေးများလိုက်ဆူလာ၍အမြင့်ခုန်ပြီးနောက် ယခင်မြေပြင်ပေါ်သို့ အလျင်မြန်ဆုံး ပြန်လည်ရောက်ရှိစေနိုင်ကြောင်း သိရသည်။

လောလောဆယ် နီပေါနိုင်ငံအစိုးရသည် တရုတ်နိုင်ငံသားခရီးသွားများအတွက် ဗီဇာကင်းလွတ်ခွင့်ပေးရန် ဆုံးဖြတ်လိုက်သည်။ တရုတ်အစိုးရကလည်း တရုတ်နိုင်ငံသားများအား နီပေါနိုင်ငံခရီးသွားရေးဆိုင်ရာ လုံခြုံရေးသတိပေးချက်ကို ဖျက်သိမ်းလိုက်သည်။ နောက်နောင်တွင် နီပေါနိုင်ငံသို့ သွားရောက်လည်ပတ်မည့် တရုတ်ခရီးသည်ဦးရေမှာ ဦးမော့ဖွယ်အလားအလာ ရှိသည်။ လက်ရှိတွင် တရုတ်နိုင်ငံမှ ခတ္တမန္ဒူမြို့သို့ ပြေးဆွဲလျက်ရှိသော လေကြောင်းမှာ သီတင်းတစ်ပတ်လျှင် (၁၂)ကြိမ်ရှိပြီး ကူမင်းမြို့ကလည်း ထွက်ခွာရာမြို့တစ်မြို့ဖြစ်ကြောင်းမိတ်ဆက်ခြင်းအရ သိရှိရသည်။

သတင်းထောက်-ကျူးဟိုင်၊
ကျန်ရော့ဂူ

# ယူနန်ပြည်နယ်ရှိ မြန်မာ့ပညာတော်သင်ကျောင်းသားကျောင်းသူ(၂၆)ဦး ပညာသင်ထောက်ပံ့ငွေချီးမြှင့်ခံရ

ဇန်နဝါရီ ၅ ရက်တွင် “အရည်အချင်းပြည့်မီသော တိုင်းရင်းသားတက္ကသိုလ်တည်ဆောက်ရန် အတူတကွဆွေးနွေးကြ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ဖွံ့ဖြိုးတိုးတက်ရေး စံပြကျောင်းတည်ဆောက်နိုင်ရန် လက်တွဲတွန်းအားပေးကြ” ကို ခေါင်းစဉ်အဖြစ်ထားသော ဆွေးနွေးပွဲကို ယူနန်တိုင်းရင်းသားတက္ကသိုလ်တွင် ကျင်းပခဲ့သည်။ အဖိတ်ကြားခံရသော ယူနန်ပြည်နယ်ရှိ တိုင်းရင်းသားလူမျိုးအသီးသီးမှ ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြခဲ့ကြသည်။ ဆွေးနွေးပွဲတွင် သာသနာရေးရာတက္ကသိုလ်၊ ကောလိပ်တို့မှ ကျောင်းသားကျောင်းသူ(၁၅)ဦးနှင့် မြန်မာနိုင်ငံမှ ပညာတော်သင်ကျောင်းသားကျောင်းသူ(၂၆)ဦးတို့သည် ပညာသင်ထောက်ပံ့ငွေများ အသီးသီး ချီးမြှင့်ခံရသည်။

ယူနန်တိုင်းရင်းသားတက္ကသိုလ်သည် ပြည်ပနှင့်ဆက်ဆံဖလှယ်ရေး၊ ပူးပေါင်းဆောင်ရွက်ရေးကို အစဉ်အလေးထားပြီး ယူနန်ပြည်နယ်အတွင်းနိုင်ငံခြားပညာတော်သင်ကျောင်းသားကျောင်းသူများကို အစောဆုံးလက်ခံနိုင်သော တက္ကသိုလ်တစ်ခုလည်း ဖြစ်သည်။ အမေရိကန်၊ ထိုင်း၊ လာအို၊ မြန်မာ၊ ဗီယက်နမ်၊ ကိုရီးယား၊ ဂျပန်၊ သီရိလင်္ကာ၊ ဘူဒန်နှင့် နီပေါစသည့် နိုင်ငံနှင့် ဒေသများမှ ပညာတော်သင်ကျောင်းသားကျောင်းသူများကို ဆွဲဆောင်ခဲ့ပြီးဖြစ်သည်။ အချို့သောမြန်မာ့ပညာတော်သင် ကျောင်းသားကျောင်းသူများ၏ ပညာသင်ယူမှုအခြေအနေနှင့် နေထိုင်စားသောက်မှုအခြေအနေကို ပိုမိုကောင်းမွန်လာစေရန် ယူနန်တိုင်းရင်းသားတက္ကသိုလ်သည် ၂၀၁၄ ခုနှစ်မှစ၍ အထူးပညာသင်ထောက်ပံ့ငွေကို ထူထောင်ခဲ့ပြီးဖြစ်သည်။ ထိုနေ့တွင်မြန်မာ့ပညာတော်သင် ကျောင်းသားကျောင်းသူ(၂၆)ဦးတို့က ၂၀၁၅ ခုနှစ် “ပါတီအဖွဲ့ဝင်မဟုတ်သော ပညာရှင်များမိတ်ဆုံပွဲနှင့် နိုင်ငံခြားပညာတော်သင် ကျောင်းသားကျောင်းသူများ မိတ်ဆုံပွဲပညာသင်ထောက်ပံ့ငွေ”ကို ချီးမြှင့်ခံခဲ့ရသည်။ အဆိုပါ ပညာသင်ထောက်ပံ့ငွေသည် ကျောင်းသားကျောင်းသူ တစ်ဦးလျှင် ၂၀၀၀ ယွမ်/နှစ်ဖြစ်သည်။

သတင်းထောက် - ရန်ဂျီဟွေး

# ယူနန်ပြည်နယ်ရွှေလီမြို့၊ နယ်ခြားမျဉ်းပေါ်ကဘောလုံးပွဲ

ရွှေလီမြစ်ကမ်းတွင် ညနေဆည်းဆာနေရောင်ခြည်အောက်က ကျူဝါးများသည် လေယူရာယိမ်းယိုင်လျက်ရှိနေသည်။

ကျူဝါးများ ပေါက်ရောက်ရာနေရာအနားတွင် မြေလွတ်၏ နှစ်ဖက်စွန်းနေရာ၌ ဂိုးပေါက်နှစ်ပေါက်စိုက်ထူထားခြင်းမရှိခဲ့လျှင် ယင်းခုံးလိုက်ချိုင့်လိုက်ဖုံ တထောင်းထောင်းထနေသည့်မြစ်သောင်ပြင်သည် ဘောလုံးကွင်းနှင့်မည်မျှပင်ဆက်သွယ်နိုင်မှာ မဟုတ်ပါ။ သို့သော် ထိုသို့သော ဘောကွင်းမျိုးတွင် နေ့စဉ်နေဝင်ဆည်းဆာအချိန်မှ နေဝင်မိုးချုပ်အချိန်အထိ အားကစားအတပ်အဆင်ပြည့်ပြည့်စုံစုံတပ်ဆင်ထားသော ဘောလုံးဝါသနာအိုးများသည် နေရာအသီးသီးမှ မော်တော်ဆိုင်ကယ်များဖြင့် ရောက်ရှိလာကြပြီး ငုံးတိတိဖြစ်သော ဘောလုံးကွင်းတွင် ဖျန်းထားသည့် ချွေးသီးနှင့် ရယ်သံများဖြင့် ဘောလုံးကစားခြင်းမှပါလာသော ပျော်မြူးမှုကို အားရပါးရခံစားကြသည်။ ထိုချိန်ထိုခါတွင် ကျယ်ခေါင်တံတားကြီးပေါ်တွင် ရပ်လျက် ကျူဝါး၊ နေဝင်ဆည်းဆာ၊ ဘောလုံးကွင်း၊ ပြေးလွှားကစားနေကြသူများ၊ ဘောလုံးပွဲ ကြည့်ရှုအားပေးကြသော ကလေးငယ်များ . . . ထိုသို့လှပသော မြင်ကွင်းသည် အများကိုစွဲလမ်း၍ ပြန်ရန်ပင်မေ့စေသည်။

ယူနန် • အာဆီယံနိုင်ငံတကာဖိတ်ခေါ်ဘောလုံးပြိုင်ပွဲမရှိခဲ့လျှင် သတင်းထောက်သည် ထိုသို့သောလူစုများနှင့် အလွယ်တကူ ထိတွေ့ဆက်ဆံနိုင်မှာ မဟုတ်ပါ။ ယင်းလူစုတွင် အချို့သော ဘောလုံးကစားသူများမှာ မြန်မာနိုင်ငံသားများဖြစ်ကြသည်။ ရွှေလီမြို့၌ ကာလကြာရှည်စွာ အလုပ်လုပ်နေခြင်းကြောင့်ဖြစ်သည်။ ဘောလုံးဟူသော ဘုံဝါသနာကြောင့် စုဝေးလာရခြင်းလည်းဖြစ်သည်။ မြစ်သောင်ပြင်ကို ရှင်းလင်း၍ ဂိုးပေါက်နှစ်ပေါက်ကို စိုက်ထူကာ ယင်းနေရာသည် ၎င်းတို့၏ သုခမြေလေးဖြစ်လာတော့သည်။ ယင်းနေရာမှ ကိုယ်တိုင်တွေ့မြင်ရခြင်း မဟုတ်ပါက ယူနန်ပြည်နယ်တွင် ခပ်လွယ်လွယ်နည်းဖြင့် ကစားသော်လည်း သက်ဝင်လှုပ်ရှားနေသော ဘောလုံးကွင်းတစ်ကွင်းရှိသည်ကို သင်တွေးရခက်လှသည် . . . အချစ်ကြောင့် ချစ်ကြခြင်းဖြစ်သည်။ ပရော်ဖက်ရှင်ဘောလုံးသမားများကဲ့သို့သော ဘွဲ့အမည်အရည်နှင့် အမှားအမှန်အရှုပ်အရှင်းမရှိဘဲ ဘောလုံး၏ သန့်စင်ရိုးရှင်းမှုနှင့် အနှစ်သာရများကို ခံစားစေနိုင်သည်။ ၎င်းတို့သည် ဘောလုံးကြောင့် တိုင်းတပါးတွင် စုဝေးလာကြခြင်းဖြစ်သည်။


သတင်းထောက် - လျူဖူလီ

# ရသအပြည့်စုံဆုံးသောထိုင်း၊ ရသအပြည့်စုံဆုံးသောချင်းမိုင်မြို့

ချင်းမိုင်မြို့ကို "မြောက်ပြည်နှင်းဆီ"ဟု အများက ခေါ်စမှတ်ပြုကြသည်။ ချင်းမိုင်မြို့သည် ထိုင်းနိုင်ငံ၏ ဒုတိယ အကြီးဆုံးသော မြို့လည်းဖြစ်၊ ချင်းမိုင် ပြည်နယ်၏ မြို့တော်နှင့် ကူမင်း-ဘန် ကောက်လမ်းမကြီးတစ်လျှောက်ရှိ စိတ် ကူးစိတ်သန်း တမူထူးခြားသော မြို့တစ် မြို့လည်းဖြစ်သည်။

ရသအပြည့်စုံဆုံးသောထိုင်း၊ ရသ အပြည့်စုံဆုံးသောချင်းမိုင်မြို့ဟုဆိုရခြင်း မှာ ချင်းမိုင်မြို့၏သမိုင်းသည် ထိုင်းတိုင်း ရင်းသားများ၏ သမိုင်းရာဇဝင်နှင့်နည်း တူ ရှေးကျလုနီးပါးဖြစ်သောကြောင့်ဖြစ် သည်။ ချင်းမိုင်မြို့ကို ၁၂၉၆ ခုနှစ်က တည်းက မြို့တည်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယနေ့ထက်တိုင် နှစ်ပေါင်း(၇၀၀)ကျော် သော သမိုင်းရှိခဲ့ပြီးဖြစ်ကြောင်း သမိုင်း ကျမ်းတွင် မှတ်တမ်းတင်ထားသည်။ ယင်းသမိုင်းကြောင်းနှင့် အတိုင်အဖောက် ညီရသည်မှာ ချင်းမိုင်ပြည်နယ်အစိုးရရုံး ခန်းမရှေ့တွင်ထားရှိသော မန်ကေလိုင် မင်း၊ လန်ခန်းဟိန်းမင်းနှင့် နန်မုံမင်းဟု ခေါ်ကြသော ရုပ်တုတော်သုံးဆူဖြစ် သည်။ ချင်းမိုင်သားများအား စိတ်ပါ ဝင်စားစွာပြောဆိုစေကြသော အကြောင်း အရာမှာ မန်ကေလိုင်မင်းက မြို့မတည် မီက white sambar၊ သမင်ဖြူ ကြွက်ဖြူနှင့် ကြုံတွေ့ခဲ့ရသော ပုံပြင်ပင် ဖြစ်သည်။ ဤသို့သောနိမိတ်ကောင်းများ ကြောင့်မြို့တစ်မြို့ကို တည်ဆောက်လိုက် ခြင်းဖြစ်သည်။ ထိုအချိန်မှစ၍ တိုင်းရင်း သားလူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံကို အိပ်မက်ရစေသော နေရာတစ်နေရာဖြစ် လာတော့သည်။

အစစ်မှန်ဆုံးသောချင်းမိုင်မြို့ကို လည်ပတ်ကြည့်ရှုလိုပါက ဘုရားကျောင်း၊ နှင်းဆီ၊ အားလပ်ရက်ညစျေးမှစတင်၍ ထွက်ခွာနိုင်သည်။ ချင်းမိုင်မြို့၏ ဘုရား ကျောင်းမှာ များလှသည်။ အရေအတွက် အရပြောရလျှင်အဆူပေါင်း(၁၀၀)ကျော် ရှိပါသည်။ သို့သော် အမှတ်သညာတွင် မထင်မှတ်ပဲဆုံမိသည်မှာ အစစ်အမှန် ဖြစ်သည်။ ချောင်ကျ၍ လူသူအရောက် အပေါက်နည်းပါးသော လမ်းကြားများ တွင် လျှောက်လှမ်းနေသည်ဖြစ်စေ၊ ကြက်ပျံမကျအောင် စည်ကားလျက်ရှိ သောလမ်းမကြီးတွင် ခပ်လောလော ခရီးနှင်သည်ဖြစ်စေ၊ အနည်းငယ်ခေါင်း မော့ရုံနှင့်၊ အနည်းငယ်လှည့်ကြည့်ရုံနှင့် ဘုရားကျောင်းများကို တွေ့မြင်နိုင်မှာဖြစ် သည်။ ပိုမိုသြဘာပေးစေသည်မှာ တော နက်ကြီးနှင့်ဆင်တူသောနေရာတစ်နေရာ ဖြစ်စေကာမူ သေချာစွာလေ့လာကြည့် လိုက်သော် ၄င်းမှာလည်း ဘုရားကျောင်း တစ်ဆောင်ဖြစ်နေပါလားဟု သင်ချက် ချင်းသတိရပါလိမ့်မည်။ ထို့ကြောင့် ချင်း မိုင်မြို့တွင် ဘုရားကျောင်းကန်နှင့်ဘုရား များကို ရှောင်ကြဉ်၍သွားလိုလျှင် အိမ် ခေါင်မိုးပေါ်နံရံပေါ် ခုန်ပျံနိုင်စေကာမူ သွား၍မရနိုင်ပါ။ ထိုင်းနိုင်ငံသားများ၊ချင်း မိုင်သားများ၏ ယဉ်ကျေးသိမ်မွေ့ခြင်း၊ စိတ်ကောင်းရည်မွန်ခြင်းသည် ပေါများ လှသော ဘုရားကျောင်းကန်နှင့်လည်း ဆက်စပ်နိုင်မှာဖြစ်သည်။ ချင်းမိုင်သား တိုင်း၏စိတ်ထဲတွင် ဘုရားတစ်ဆူရှိသည် ဟုဆိုနိုင်သည်။



ကူမင်း-ဘန်ကောက်လမ်း မကြီးတစ်လျှောက်ရှိ ရှုခင်းဓါတ်ပုံ

နှင်းဆီပန်းကို နေရာတကာတွင် တွေ့ရှိနိုင်သော်လည်း ရသအရှိဆုံးသော နှင်းဆီပန်းမှာ စုထည်တောင်ပေါ်က ဖူပင်ကုန်းပန်းဥယျာဉ်မှ လာရခြင်းဖြစ် သည်။ ယင်းဥယျာဉ်အတွင်းရှိ နှင်းဆီ ပန်းသည် အကိုင်း၊ အပွင့်လည်းကြီးလှ သည်ဟု ပြောသံကြားရသည်။ ဝေဝေ ဆာဆာဖူးပွင့်၍ အလှယှဉ်နေသော ဥယျာဉ်တွင် နီရဲရဲနှင်းဆီပန်းသည် ချစ် ခြင်းကို ဖော်ပြသည့်အပြင် မိမိကိုမိမိကံ ကောင်းစေခြင်းလည်းဖြစ်သည်။ မြို့ သည် "မြောက်ပြည်နှင်းဆီ" ဖြစ်သည်၊ စိတ်သည် နှင်းဆီစိတ်ဖြစ်သည်။ အလှ မယ်တစ်ဦးသည် ကျွန်တော့်အနားမှ အင်းမလုပ်အဲမလုပ်ဘဲလျှောက်သွားနေ သည်။ ရှုရှိုက်လိုက်သောအသက်တွင် ပန်းရနံ့ဖြင့် သင်းပျံ့နေသည့်အပြင် လူ၏ စိတ်ကြည်နူးချမ်းမြေ့မှုလည်း ဖြစ်ပေါ် လာသည်။ ကျွန်တော့်စိတ်သည်လည်း နှင်းဆီပန်းနှင့် အလှမယ်များအကြား တိတ်တိတ်ပြောသောစကားတွင် ပျံ့လွင့် နေသည်။ ဤသို့သောအဖြစ်အပျက်မှန် သမျှမှာ ဤနေရာတွင် မထင်မှတ်ဘဲ ကြုံတွေ့ခဲ့ရပြီး ပြန်တွေ့နိုင်မှာဖြစ်သော ကြောင့် ဤနေရာတွင် ခွဲခွာတော့သည်။ နှင်းဆီနှင့်တွေ့တွေ့ချင်း စိတ်ထဲ၌အူ ကြောင်ကြောင်ဖြစ်သော နူးညံ့မှုဖြစ်ပေါ် လာတတ်သည်၊ ချစ်ခြင်းမေတ္တာကို မချုပ်တည်းနိုင်ဘဲ မျှော်လင့်တောင့်တ လာတော့သည်။ သို့သော် အမှန် တကယ်လှပသော ချစ်ခြင်းမေတ္တာမှာ မိမိ၏ချစ်သူက မိမိ၏မြင်ကွင်းထဲမှ လစ် ပြေးသွားသည်ကို မျက်စိပြူးကြောင် ကြောင်နှင့် ကြည့်ရုံသာကြည့်နေရပြီး အထီးကျန်ခဲ့သောပုံရိပ်နှင့်အသွင်သဏ္ဍာန် လည်း ဤမျှ ပျော့ပျောင်းတင့်တယ်ပြီး လှပချောမောလျက် ရှိနေသည်ကို ကျန် ရစ်ခဲ့သည့်အထိဖြစ်သည်။ ယင်းသည် ဝန်းရိုးစွန်းမျဉ်းအကြားတွင် တည်ရှိနေ သော ချင်းမိုင်မြို့ဖြစ်သည်။ နေမင်း၏ ပြုစုစောင့်ရှောက်မှုကို အစဉ်ခံစားရ သည်၊ နှင်းဆီပန်း၏ အာဟာရဓာတ်ကို အစဉ်ခံစားရသည်၊ တောင်တန်း၏ ကာကွယ်စောင့်ရှောက်မှုကို အစဉ်ပိုင် ဆိုင်ထားသည်၊ စိတ်ကြည်နူးသည်အထိ အေးမြမှုကို အစဉ်ရရှိနိုင်သည်။ အဆိုပါ အကြောင်းများကိုတွေးမိတိုင်း နှင်းဆီ ပန်းကဲ့သို့သောစကားစဟု ဆိုကောင်း ဆိုနိုင်မည်။ ထို့ကြောင့် ကျွန်တော်က ကူ မင်းမြို့ ဒိုနန်ပန်းမန်စျေးကွက်ကိုလည်း သတိရလာသည်။ ထိုနေရာတွင်ရေတွက် ၍မရဘဲ များပြားလှသောနှင်းဆီပန်း လည်းရှိသည်။ ထိုနှင်းဆီပန်းသည် တရုတ်တစ်နိုင်ငံလုံးနှင့် ကမ္ဘာတစ်ခြမ်း ကိုပင် နွေးထွေးစေနိုင်သည်။

ကျွန်တော့်ဖြတ်ထိုးဉာဏ်ကို အမှန် တကယ်ဖမ်းစားစေသည်မှာ အားလပ် ရက်ညစျေးပင်ဖြစ်သည်။ ညတိုင်းတွင် ညစျေးရှိသော်လည်း အများကိုအမှန် တကယ်စွဲလန်းစေသည်မှာ နာမည် ကျော် အားလပ်ရက်ညစျေးပင်ဖြစ်သည်။ ထောင်နှင့်ချီသော စျေးသည်များက ချင်းမိုင်မြို့ဟောင်းသို့ တိုးဝင်လိုက်သည့် အခါ မြို့ဟောင်း၏ လေဟာနယ်သည် ချက်ချင်း စည်ကားလာတော့သည်။ စျေးခေါ်သံအမျိုးမျိုးသည် တက်လိုက် ကျလိုက်နှင့် စည်ကားလှသည်။ အမည် မခေါ်တတ်သော ကုန်ပစ္စည်းအမျိုးမျိုး ကိုတန်းရရန်းလျက် ရောင်းချလိုက် သည်။ လက်မှုပညာလက်ရာများ၊ ဒေသ ခံဝတ်စုံတန်ဆာများ၊ စားကောင်းသောက် ဖွယ်များသည် အများအားလက်မလည် နိုင်လောက်အောင် ဝယ်ယူစေရသည်။ အစား၊ အသောက်၊ အပျော်၊ အလည် မှန်သမျှကို ယင်းနေရာတွင် စုံစုံလင်လင် ဖွင့်လှစ်ထားခြင်းကြောင့် ဖြစ်သည်။ နိုင်ငံခြားစတိုင်လ် ပြည့်ပြည့်စုံစုံရှိသည့် အပြင် မီးပဒေသာရောင်စုံထွန်းတောက် လျက်ရှိပြီး ဆူညံမစဲတသဲသဲဖြစ်မိသည်။ ပိုမိုလှပသည်မှာ တိုင်းတပါးတွင်အမိနိုင် ငံသားမိတ်ဆွေအများအပြားနှင့် မထင် မှတ်ပဲဆုံရခြင်းပင်ဖြစ်သည်။ မဲခေါင်မြစ် မှအစ၊ ကူမင်း-ဘန်ကောက်လမ်းမကြီးမှ အစ၊ ထိုမှတစ်ဆင့်တိုင်းတပါးတွင်အမျိုး မျိုးအဖုံဖုံ ရောင်းချလျက်ရှိသော ကုန် ပစ္စည်းလေးများအထိ စကားချီပြီး ဤ ချိန်ခါမှ ဝေးလံလှသည့်နယ်စွန်နယ်ဖျား သည်လည်း ဝေးလျက်နှင့် နီးနေမှန်း သတိရလာတော့သည်။

ရသအပြည့်စုံဆုံးသောထိုင်း၊ ရသ အပြည့်စုံဆုံးသောချင်းမိုင်မြို့။ သို့သော် ထိုင်းနိုင်ငံတွင်လည်း တရုတ်ရသအပြည့် စုံဆုံးပါ။ တရုတ်နိုင်ငံသားအများအပြား တိုးဝင်သွားသည့်အပြင်တရုတ်နိုင်ငံထုတ် ကုန်ပစ္စည်းများသည်လည်း ရှေ့ဆင့် နောက်ဆင့် ထိုးဖောက်လျက်ရောင်းချ လျက်ရှိနေသည်။တရုတ်-ထိုင်းချစ်ကြည် ရေးပိုမိုတည်တံ့ခိုင်မြဲပါစေ။

ဆောင်းပါးရှင် - လျှူယင်



ကူမင်း-ဘန်ကောက်လမ်း မကြီးတစ်လျှောက်ရှိ ရှုခင်းဓါတ်ပုံ